## ခန္ဓာ(၅)ပါး

| ဖြစ်ကြောင်း ချုပ်ကြောင်းတရားများ | ခန္ဓာ | ဥပမာ |
|---|---|---|
| အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ အာဟာရ | ရူပက္ခန္ဓာ | ရေမြှုပ် |
| အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ ဖဿ | ဝေဒနာက္ခန္ဓာ | ရေပွက် |
| အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ ဖဿ | သညာက္ခန္ဓာ | တံလျှပ် |
| အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ ဖဿ | သင်္ခါရက္ခန္ဓာ | ငှက်ပျောတုံး |
| အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ နာမ်ရုပ် | ဝိညာဏက္ခန္ဓာ | မျက်လှည့် |

# ရူပက္ခန္ဓာ၌ ရှုနည်း(၃)မျိုး

(က) ဖေါက်ပြန်ပျက်စီးတတ်သော ဒီတရားတွေသည် ရုပ်ပဲ-လို့ သိအောင် သတိဉာဏ်နှင့်ရှုပါ။
(ခ) အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ အာဟာရတို့သည် ရုပ်ဖြစ်ကြောင်းတရားတို့ပဲ-လို့ သတိဉာဏ်နဲ့သိအောင်ရှုပါ။
(ဂ) အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ အာဟာရတို့သည် ရုပ်ချုပ်ကြောင်းတရားတို့ပဲ-လို့သတိဉာဏ်နဲ့သိအောင်ရှုပါ။

# အာယတန (၁၂)ပါး

| ဒွါရ(၆)ပါး | အာရုံ(၆)ပါး | နှလုံးသွင်းမှု | သံယောဇဉ်တရားများ |
|---|---|---|---|
| စက္ခုဒွါရ<br>(မျက်စိအကြည်ဓာတ်) | ရူပါရုံ (အဆင်း) | အယောနိသောမနသိကာရ<br>ယောနိသောမနသိကာရ | တမျိုးမျိုးဖြစ်<br>တစ်မျိုးမှမဖြစ် |
| သောတဒွါရ<br>(နားအကြည်ဓာတ်) | သဒ္ဒါရုံ (အသံ) | အယောနိသောမနသိကာရ<br>ယောနိသောမနသိကာရ | တမျိုးမျိုးဖြစ်<br>တစ်မျိုးမှမဖြစ် |
| ဃာနဒွါရ<br>(နာခေါင်းအကြည်ဓာတ်) | ဂန္ဓာရုံ (အနံ့) | အယောနိသောမနသိကာရ<br>ယောနိသောမနသိကာရ | တမျိုးမျိုးဖြစ်<br>တစ်မျိုးမှမဖြစ် |
| ဇိဝှါဒွါရ<br>(လျှာအကြည်ဓာတ်) | ရသာရုံ (အရသာ) | အယောနိသောမနသိကာရ<br>ယောနိသောမနသိကာရ | တမျိုးမျိုးဖြစ်<br>တစ်မျိုးမှမဖြစ် |
| ကာယဒွါရ<br>(ကိုယ်အကြည်ဓာတ်) | ဖောဋ္ဌဗ္ဗာရုံ<br>(အတွေ့အထိ) | အယောနိသောမနသိကာရ<br>ယောနိသောမနသိကာရ | တမျိုးမျိုးဖြစ်<br>တစ်မျိုးမှမဖြစ် |
| မနောဒွါရ<br>ဘဝင်စိတ် | ဓမ္မာရုံ(ကြံတွေးစရာ)<br>(ရုပ်၊နာမ်မျိုးစုံ) | အယောနိသောမနသိကာရ<br>ယောနိသောမနသိကာရ | တမျိုးမျိုးဖြစ်<br>တမျိုးမျိုးမဖြစ် |

မှတ်ချက်။ မနာယတန, ဓမ္မာယတနတို့၌ ဂိပဿနာ၏အရာဖြစ်သောကြောင့် လောကီတရားချည်းသာ ယူရမည်။

**သံယောဇဉ် (၁၀)ပါး**

- ၁။ အာရုံငါး၊ တပ်စွဲက ကာမသံယောဇဉ်။
- ၂။ သုံးပါးဘဝ တပ်စွဲက ဘဝသံယောဇဉ်။
- ၃။ အမျက်ဒေါသ  စိတ်ဆိုးက  ပဋိဃသံယောဇဉ်။
- ၄။ ကိုယ်သာတော်လှ  ထင်မှတ်က  မာနသံယောဇဉ်။
- ၅။ ရုပ်နာမ်ကိုဘဲ  ငါကောင်စွဲ  ယူလွဲဒိဋ္ဌိဂင်။
- ၆။ တရားမှန်တွင် မယုံချင်၍ ဆင်ခြင်နိုင်းညှိ ဝေဘန်ကြည့် ဝိစိကိစ္ဆာပင်။
- ၇။ သစ္စာမမြင် မဂ္ဂင်မပါ လေ့ကျင့်ကာဖြင့် ချမ်းသာမြဲမည် ယုံကြည်ဆုံးဖြတ် ယူဆမှတ် သီလဗ္ဗတပင်။
- ၈။ ကိုယ့်ထက်သာကို မနာလို ခေါ်ဆိုဣဿာပင်။
- ၉။ ကိုယ့်လိုသူများ ကောင်းစားမည်မှ ဝန်တိုက မစ္ဆရိယပင်။
- ၁၀။ သစ္စာလေးတန် ပြောင်းပြန်ထင်ကာ မသိတာ အဝိဇ္ဇာသံယောဇဉ်။
- ၁၁။ ဂင့်ဆင်းရဲမှ မလွတ်ရအောင် ချည်နှောင်တတ်စွာ ဤဆယ်ဖြာ အဘိဓမ္မာသံယောဇဉ်။
- ၁၂။အာရုံဘဝ နှစ်သက်က လောဘသံယောဇဉ်။
- ၁၃။စိတ်ပြန့် လွင့်က ဥဒ္ဓစ္စ မှတ်ကြသံယောဇဉ်။

## အာယတနရှုနည်း

ဒွါရ (၆) ခု တစ်ခုခုမှာ အာရုံတစ်ခုခုထင်လာတဲ့အခါ

၁။ ဒွါရကို သတိ ဉာဏ်နှင့်ရှုသိပါ။

၂။ အာရုံကို သတိ ဉာဏ်နှင့်ရှုသိပါ။

၃။ ဒွါရ အာရုံ ပေါင်းဆုံမှုကြောင့် သံယောဇဉ်တရား တစ်ခုခုဖြစ်လာရင် ထိုဖြစ်လာတဲ့ သံယောဇဉ်ကို သတိ ဉာဏ်နှင့် စူးစိုက်ရှုသိပါ။

၄။ အာရုံပေါ်မှာ အယောနိသောမနသိကာရ (မမှန်မကန်နှလုံးသွင်းမှု) ကြောင့် နဂိုမူလက မဖြစ်သေးတဲ့ သံယောဇဉ်တရား တစုံခုဖြစ်ပေါ်လာတယ်၊ ထို့ကြောင့် အကြောင်းဖြစ်တဲ့ အယောနိသောမနသိကာရကို သတိ ဉာဏ်နှင့်ရှုသိပါ။

၅။ အာရုံပေါ်မှာ ယောနိသောမနသိကာရ (မှန်မှန်ကန်ကန်နှလုံးသွင်းမှု) ကြောင့် ဖြစ်ပေါ်လာပြီးဖြစ်တဲ့ သံယောဇဉ်တရား တစ်ခုခုကို ခဏတာဖြစ်ဖြစ် အကြာကြီးဖြစ်ဖြစ် ပယ်ရှားနိုင်တယ်၊ ထို့ကြောင့် အကြောင်းဖြစ်တဲ့ယောနိသောမနသိကာရကို သတိ ဉာဏ်နှင့်စူးစိုက်ရှုသိပါ။

၆။ ခဏတာဖြစ်စေ အကြာကြီးဖြစ်စေ ပယ်ရှားနိုင်တဲ့ သံယောဇဉ်တစ်ပါးပါး နောင်အခါ မဖြစ်ပေါ်လာခြင်းအကြောင်းဖြစ်သော ယောနိသောမနသိကာရကို သတိ ဉာဏ်နှင့်စူးစိုက်ရှုသိပါ။

## မှတ်ချက်

**သောတာပန်ပုဂ္ဂိုလ်သည်** ဒိဋ္ဌိ, သီလဗ္ဗတပရာမာသ, ဝိစိကိစ္ဆာ, ဣဿာ, မစ္ဆရိယ, သံယောဇဉ်ငါးပါးကို သမုစ္ဆေဒပဟာန်ဖြင့် လုံးဝပယ်ရှားနိုင်ကြောင်းဖြစ်သော သောတာပတ္တိမဂ်ကို သိနိုင်သည်။ ။

**သကဒါဂါမ်ပုဂ္ဂိုလ်သည်** ရုန့်ရင်းကြမ်းတမ်းသော ကာမရာဂ, ပဋိဃသံယောဇဉ်(၂)ပါးတို့ကို သမုစ္ဆေဒပဟာန်ဖြင့် လုံးဝပယ်ရှားနိုင်ကြောင်းဖြစ်သော သကဒါဂါမိမဂ်ကို သိနိုင်သည်။

**အနာဂါမ်ပုဂ္ဂိုလ်သည်** သိမ်မွေ့နုညံ့သော ကာမရာဂ, ပဋိဃသံယောဇဉ်(၂)ပါးတို့ကို သမုစ္ဆေဒပဟာန်ဖြင့် လုံးဝပယ်ရှားနိုင်ကြောင်းဖြစ်သော အနာဂါမိမဂ်ကို သိနိုင်သည်။

**ရဟန္တာပုဂ္ဂိုလ်သည်** ရူပရာဂ, အရူပရာဂ, ဘဝရာဂ,မာန,ဉဒ္ဓစ္စ, အဝိဇ္ဇာ, သံယောဇဉ်တို့ကို သမုစ္ဆေဒပဟာန်ဖြင့် လုံးဝပယ်ရှားနိုင်ကြောင်းဖြစ်သော အရဟတ္တမဂ်ကို သိနိုင်သည်။

**ရဟန္တာမဖြစ်သေးသောပုဂ္ဂိုလ်များနှင့် ပုထုဇဉ်များသည်** မရသေးသောမဂ်များကို သုတမယ စိန္တာမယဉာဏ်ဖြင့်သာ သိနိုင်သည်။

- ၁။ ဒိ, ဝိ,သီ, ဣ, မစ္ဆရိ, ကင်း၏သောတာပန်။
- ၂။ ကြမ်းတမ်းကာမ ပဋိဃ ကင်းပသကဒါဂါမ်။
- ၃။ သိမ်မွေ့ကာမ ပဋိဃ ကင်းပအနာဂါမ်။
- ၄။ ရူပါရူပ ဉဒ္ဓစ္စနှင့် ဘဝ, မာနာ, အဝိဇ္ဇာ ကင်းကွာအရဟံ။